**Assistance Association for Political Prisoners (Burma)**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ ဇန်နဝါရီလ ၂၀၁၇



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်ရှိအစိုးရအထက်တန်းကျောင်းတွင် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဌဦးကြည်ဖင်မှ အဖွင့်အမှာစကားပြောနေစဉ်

## လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချပေးခြင်း

**အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် လူထုတွင်းတွင် လူ့အခွင့်အရေးဆိုင်ရာဟောပြော၊ဆွေးနွေးပွဲ ပို့ချပေးခြင်း**

ဇန်နနဝါရီလတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲပေါင်း ၁၆ ပွဲကို အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘော်ဒါဆောင်နှင့် လူထုတွင်းတွင် ဟောပြော၊ဆွေးနွေး၊ပို့ချပေးနိုင်ခဲ့သည်။ ထိုသို့ဟောပြောနိုင်ရန်အတွက်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူမှုအဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် အခြားသောလူ့အခွင့်အရေးအဖွဲ့များက ပူးပေါင်းကူညီပေးခဲ့ပါသည်။ ထိုဟောပြောပွဲများပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကလေးများနှင့် နိုင်ငံသားများကိုဆန့်ကျင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးကာကွယ်နိုင်ရန်၊ နိုးကြားတက်ကြွပြီး စည်းကမ်းပြည့်ဝသော နိုင်ငံသားများဖြစ်စေရန်တို့ဖြစ်သည်။ ထိုဟောပြောပွဲများကို ပဲခူးတိုင်း ဒေသကြီး၊ ပဲခူးမြို့ရှိ အထက်ကျောင်းများ၊ ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်တွင်းရှိ အထက်တန်းကျောင်းများ၊ မကွေးတိုင်းတွင်းရှိ လင်းကျော်အောင်ပုဂ္ဂလိကကျောင်း၊ ပညာ့ရိပ်ဘော်ဒါဆောင်တို့တွင် ဟောပြောပို့ချခဲ့ပြီး မကွေးတိုင်းနှင့် မွန်ပြည်နယ်တို့၌ လူထုတွင်းတွင ဟောပြောပို့ချခဲ့သည်။လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲတွင် အဓိကအားဖြင့် သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားအောင် ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းပါအခွင့်အရေးများနှင့် တာဝန်များကို ကျောင်းသားများနားလည်စေရန် ဟောပြောကြပါသည်။ ထိုဟောပြောပွဲများကို ဦးဆောင်ဟောပြောသူများမှာ AAPP ရန်ကုန်ရုံးတာဝန်ခံ ဦးအောင်မျိုးကျော်၊ AAPP လူ့အခွင့်အရေး သင်တန်းဆရာများဖြစ်ကြသော ဦးဝဏ္ဏနွယ်၊ ဦးကျော်စွာလင်း၊ ဦးကျော်ဦး၊ ဒေါ်နှင်းပန်းအိမ်၊ ဦးထင်အောင်၊ ၈၈ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးတို့မှ ဦးဆောင်ဟောပြောခဲ့ကြသည်။ ထိုဟောပြောဆွေးနွေးပွဲများသို့ ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ဆရာများ၊ ကျောင်းအုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ပညာရေးမှူးများ၊ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ NLD မြို့နယ်အဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထု များတက်ရောက်ခဲ့ကြ သည်။ ဟောပြောပွဲပြီးနောက် တက်ရောက်သူများကြား လူ့အခွင့် အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ရန် ရည်ရွယ်၍ အေအေပီပီမှ အချက် ၃၀ပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း လက်ကမ်း စာစောင်များဝေငှခဲ့သည်။



AAPP နှင့် လူမှုအခြေပြုအဖွဲ့အစည်းများမှမစ္စယန်ဟီးလီနှင့် တွေ့ဆုံဆွေးနွေး

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်မစ္စ ယန်ဟီးလီနှင့် တွေ့ဆုံဆွေးနွေးခြင်း**

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ တွင် ရန်ကုန်မြို့ UNDP ရုံးဦးသန့်ခန်းမ၌ လူ့အခွင့်အရေးဆောင်ရွက်နေသော လူမှုအခြေပြုအဖွဲ့အစည်းများ (CSOs) များနှင့် မစ္စ ယန်ဟီးလီ တို့ တွေ့ဆုံ၍ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေများ၊ အစိုးရနှင့် လွှတ်တော်တို့၏ လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ အခန်းကဏ္ဍတို့ကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးသို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)မှ ကိုဇော်မိုးတက်ရောက်ခဲ့ပြီး၊ AAPP မှ ပြုစုထားသော နိုင်ငံရေးအကျဉ်းသားစာရင်းများအား ပြုစုထားသော စာရင်းအလိုက် တစ်ခုချင်း ရှင်းပြပေးအပ်ခဲ့ပြီး၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်၊ ၆၆ (ဃ) နှင့် Freedom of Expression အပေါ် သက်ရောက်မှု၊ ပုဒ်မ

၁၇(၁)နှင့်   လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် စိုးရိမ်ချက်၊ အကျဉ်းထောင်လူဦးရေ လျှော့ချရေး၊ အကျဉ်းထောင်လူဦးရေနှင့် မူးယစ်ပုဒ်မများအပေါ် သုံးသပ်ချက်၊ တရားရင်ဆိုင်ရေး ကာလကြာမြင့်ခြင်း၊ အကျဉ်းထောင်စနစ်ပြန်လည်ပြုပြင်ရေး၊ စသည်တို့အား ဆွေးနွေးခဲ့သည်။



ရန်ကုန်မြို့၊ပန်ဒါဟိုတယ်၌ AAPP မှ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအကြောင်းဟောပြော၊ ဆွေးနွေး

# အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းပို့ချခြင်း

**မကွေးတိုင်းနှင့် ကချင်ပြည်နယ်တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်း များနှင့် ရန်ကုန်မြို့တွင် ဆွေးနွေးပွဲတစ်ခုဟောပြောပို့ချ**

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းကို   နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ လစဉ် ပို့ချပေးလျက်ရှိရာ ဇန်နဝါရီလတွင်းတွင် AAPP မှ ၁၂ ရက်ကြာသင်တန်းနှစ်ခုနှင့် ဟောပြောပွဲတစ်ခု ပို့ချပေးခဲ့သည်။ ဇန်နဝါရီလ ၆ ရက်နေ့မှ ဇန်နဝါရီလ ၁၇ ရက်နေ့ထိ  ပို့ချသောဆယ့်နှစ်ရက်ကြာ သင်တန်းကို မကွေးတိုင်းဒေသကြီး၊ရေနံချောင်းမြို့  နယ်တွင် AAPP နှင့် မေတ္တာစမ်းရေ ငြိမ်းချမ်းရေးနှင့်လူမှုဖွံ့ဖြိုးရေးအဖွဲ့တို့ပူးပေါင်းကျင်းပခဲ့ပြီးကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ မကွေး တိုင်းတွင်း ကျင်းပခဲ့သော သင်တန်း၌  NLD အဖွဲ့ဝင်များ၊ မေတ္တာစမ်းရေ ငြိမ်းချမ်းရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့၊ Peace Myanmar တို့ အပါအဝင် သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ကြသည်။ AAPP ၏ လူ့အခွင့်အရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ သင်တန်းဆရာ ကိုစိုင်းမြင့်သူနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ (ACDD)မှ သင်တန်းဆရာမမဖွန်ပန်း တို့မှ သင်တန်းပို့ချ ပေးခဲ့သည်။ ကချင်ပြည်နယ်တွင် ကျင်းပခဲ့သော သင်တန်း၌ ကချင်ပြည်နယ် မြို့နယ်အစုံမှ အရပ်ဖက်လူ့အဖွဲ့အစည်း အသီးသီးမှ တိုင်းရင်းသားလူငယ်များ တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြများအဖြစ် ဆရာစောသန်းလှိုင်နှင့် ဆရာကျော်ဦးတို့မှ သင်တန်းပို့ချခဲ့သည်။ သင်တန်းပို့ချခဲ့သော ထိုဒေသများတွင် လယ်ယာမြေသိမ်းဆည်းမှုများအပါအဝင် များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ ရင်ဆိုင်နေရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် မှန်ကန်မှုမရှိခြင်း၊ အကျင့်ပျက်ခြစားမှုများရှိခြင်း၊ ကလေးငယ်များ စားဝတ်နေရေးမပြေလည်မှုကြောင့် အလုပ်လုပ်နေရခြင်း၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း ၊ တရားဥပဒေ စိုးမိုးမှုမရှိခြင်း၊ မူးယစ်ဆေးဝါးပြဿနာများစွာရှိနေခြင်း၊ ခိုးဆိုးလုယက်မှုများရှိနေခြင်း စသည်တို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု များစွာကို ရင်ဆိုင်နေရသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့Panda hotelတွင် ကျင်းပပြုလုပ်သော (၁၅)ကြိမ်မြောက် အရပ်ဖက်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ်သို့  နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ကိုဝဏ္ဏနွယ်တက်ရောက်ခဲ့ပြီး၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတရေးနှင့်ပတ်သက်၍ တစ်နာရီခွဲကြာ ဟောပြော၊ဆွေးနွေး၊ ပို့ချခဲ့သည်။ ထိုဖိုရမ်သို့ တိုင်းနှင့်ပြည်နယ်အသီးသီးရှိ အရပ်ဖက်လူ မှု့အဖွဲ့အစည်းများမှ လူဦးရေ၁၅၀ခန့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ AAPPမှထုတ်ပြန်ခဲ့သည့်အစီရင်ခံစာများအား တက်ရောက်လာသူများကိုဝေငှခဲ့သည်။

သင်တန်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများ ရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။



မကွေးတိုင်း၊ ရေနံချောင်းမြို့တွင်ပြုလုပ်သော အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းဖွင့်ပွဲတွင်မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင့်လွင်မှ အဖွင့်စကားပြောကြားစဉ်